The Provisional Vinicchaya-Thana Act 1951
(Act No XLVI of 1951)

# ၁၃၁၃ ခုနှစ်၊ ယာယီဝိနိစ္ဆယဌာနအက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၆။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၃၁၃ ခုနှစ်၊ ယာယီဝိနိစ္ဆယဌာန အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာဖြင့်သတ်မှတ်သည့်နေ့တွင် သတ်မှတ်သည့်အရပ်ဒေသ၌ ပုဒ်မ ၃ နှင့်မဆန့်ကျင်စေဘဲ အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်—

(က) "အဆိုပါဥပဒေ" ဆိုသည်မှာ၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေကိုဆိုလိုသည်။

(ခ) "ဝိနည်းမမှုကံအဓိကရုဏ်းမှု" ဆိုသည်မှာ၊ အဆိုပါဥပဒေပုဒ်မ ၁၅ တွင် အဓိပ္ပါယ်သတ်မှတ်ပိုင်းခြားထားသည့် အဓိကရုဏ်းမှုကိုဆိုလိုသည်။

(ဂ) "နိုင်ငံတော်ဝိနိစ္ဆယဌာန" ဆိုသည်မှာ၊ အဆိုပါ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံတော်ဝိနိစ္ဆယဌာနကို ဆိုလိုသည်။

(ဃ) "မြို့နယ်" ဆိုသည်မှာ၊ အဆိုပါဥပဒေ ပုဒ်မ ၂ (၁) (က) တွင် အဓိပ္ပါယ်သတ်မှတ်ပိုင်းခြားထားသည့် မြို့နယ်ကိုဆိုလိုသည်။

(င) "မြို့နယ်ဝိနိစ္ဆယဌာန" ဆိုသည်မှာ၊ အဆိုပါဥပဒေအရတည်ထောင်ထားသော မြို့နယ်ဝိနိစ္ဆယဌာနကိုဆိုလိုသည်။

၃။ ။နိုင်ငံတော်သမတက၊အဆိုပါဥပဒေပုဒ်မ ၁(၃) (ဃ) အရ၊အဆိုပါဥပဒေပြဋ္ဌာန်းချက်များအာဏာတည်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်သည့်အခါ၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြထားသည့်အရပ်ဒေသများ၌ သီးခြားဖေါ်ပြထားသည့်နေ့ရက်တွင် အဆိုပါအမိန့်ကြော်ငြာစာဖြင့် ဤအက်ဥပဒေကိုရုပ်သိမ်းသည်ဟု မှတ်ယူရမည်။

သို့ရာတွင် ဤအက်ဥပဒေကိုယင်းသို့ရုပ်သိမ်းသည့်အခါ၌ မပြီးပြတ်သေးသော ဝိနည်းမမှုကံအဓိကရုဏ်းမှုကို၊ ဤအက်ဥပဒေအရ နောက်ဆုံးပြီးပြတ်သည်တိုင်အောင် ဆက်လက်စစ်ဆေးရမည်။

၄။ ။(၁) ဤအက်ဥပဒေအရ ယာယီဝိနိစ္ဆယဌာနများ တည်ထောင်ရမည်။ ထိုယာယီဝိနိစ္ဆယဌာနများမှာ ဝိနည်းမမှုကံ အဓိကရုဏ်းမှုများကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန် အာဏာရှိရမည်။

Price,—One Anna,]

(၂) ယာယီဝိနိစ္ဆယဌာန အသီးသီးအတွက် အဆိုပါဥပဒေပုဒ်မ ၁၁ (၁) တွင်ပြဋ္ဌာန်းထားသည့် ဂုဏ်အင်္ဂါအရည်အချင်းနှင့်ပြည့်စုံသောဆယ်ပါးထက် မပိုသည့်ဝိနည်းဓိုရ်ဆရာတော်များကို နိုင်ငံတော်သာသနာပိုင်ကခန့်ရမည်။

၅။ ။(၁) ယာယီဝိနိစ္ဆယဌာနများသည်၊ နိုင်ငံတော်ဝိနိစ္ဆယဌာန၏ လက်အောက်ခံဖြစ်ရမည်။

(၂) ယာယီဝိနိစ္ဆယဌာန အသီးသီး၏ စီရင်ခွင့်အာဏာနယ်နိမိတ်မှာ ၎င်းဌာနတည်ရှိရာမြို့နယ်အသီးသီးဖြစ်ရမည်။

၆။ ။ပုဒ်မ ၄ အရ၊ ဝိနည်းဓမ္မကံအဓိကရဏ်းမှုကို ကြားနာစစ်ဆေးစီရင်သည့် ယာယီဝိနိစ္ဆယဌာနသည် မြို့နယ်ဝိနိစ္ဆယဌာန၏အာဏာအားလုံးကို သုံးစွဲနိုင်သည့်ပြင်၊ အဆိုပါဥပဒေ ပုဒ်မ ၅၊ ၇၊ ၀၊ ၁၂၊ ၁၃ (၂)၊ ၁၅၊ ၁၆၊ ၁၇၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇ (၄) နှင့် (၅)၊ ၂၀၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂ (၂) နှင့် (၃) ပါပြဋ္ဌာန်းချက်များနှင့် အဆိုပါဥပဒေ ပုဒ်မ ၃၃ အရ ပြုလုပ်သောနည်းဥပဒေများအနက်၊ ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေများမှတပါး အခြားနည်းဥပဒေများသည်၊ မြို့နယ်ဝိနိစ္ဆယဌာနနှင့်၊ သို့တည်းမဟုတ် ထိုဌာနဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်များနှင့်သက်ဆိုင်သကဲ့သို့ ယာယီဝိနိစ္ဆယဌာနနှင့် သို့တည်းမဟုတ် ထိုဌာနဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်များနှင့် ဖြစ်နိုင်သမျှသက်ဆိုင်ရမည်။

၇။ ။ယာယီဝိနိစ္ဆယဌာနဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော်၊ တာဝန်ခံဆရာတော်နှင့် တွဲဘက်တာဝန်ခံဆရာတော်တို့၏ ဝိနိစ္ဆယဌာနမှုခင်းကိစ္စနှင့် စပ်လျဉ်းသည့်ခရီးစရိတ်များအတွက် နိုင်ငံတော်အစိုးရကတာဝန်ယူရမည်။

၈။ ။အခြားတည်ဆဲတရားဥပဒေများတွင်မည်သို့ပင် ပါရှိစေကာမူ၊ ယာယီဝိနိစ္ဆယဌာန၏ဆုံးဖြတ်ချက်ကို နိုင်ငံတော်ဝိနိစ္ဆယဌာနတွင် စောဒနာဝင်ခွင့် ရှိရမည်။ ယင်းသို့စောဒနာဝင်သည့်အခါ၊ နိုင်ငံတော်ဝိနိစ္ဆယဌာနက ချမှတ်သည့် ဆုံးဖြတ်ချက်သည်အဆုံးသတ်အတည်ဖြစ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် အာစာရဝိပတ္တိ၊ သို့တည်းမဟုတ် လဟုဘဏ်ပစ္စည်းနှင့်စပ်လျဉ်းသော အဓိကရဏ်းမှုတွင်၊ ယာယီဝိနိစ္ဆယဌာန၏ ဆုံးဖြတ်ချက်ကို စောဒနာဝင်ခွင့်မရှိစေရ။

၉။ ။(၁) အခြားတည်ဆဲတရားဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ၊ ဤအက်ဥပဒေအရ စောဒနာဝင်မှုကို ဆိုင်ရာစီရင်ချက်ချမှတ်သည့်နေ့မှ ၄၅ ရက်အတွင်း နိုင်ငံတော်ဝိနိစ္ဆယဌာနသို့ စောဒနာဝင်လွှာတင်သွင်းရမည်။

ခြွင်းချက်။ ။သို့ရာတွင် ဤပုဒ်မ၌ ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်ကာလအပိုင်းအခြား ကုန်လွန်ပြီးသည့်နောက်မှ တင်သွင်းသည့် စောဒနာဝင်လွှာကို၊ အန္တရာယ် ၁၀ ပါးအနက်၊ တပါးပါးကြောင့် စောဒနာဝင်လွှာတင်သွင်းရန် ကြန့်ကြာနေခြင်းဖြစ်လျှင်၊ နိုင်ငံတော်ဝိနိစ္ဆယဌာနက လက်ခံနိုင်သည်။

(၂) စောဒနာဝင်သူက အမှုဖြစ်ပျက်ရင်း အချင်းအရာ အချက်အလက်များ၊ ဝိနည်းတရားတော်အချက်အလက်များနှစ်ချက်လုံးနှင့်စပ်လျဉ်း၍၊ နိုင်ငံတော်ဝိနိစ္ဆယဌာနတင်ကန့်ကွက်လိုသည့်အကြောင်းအချက်များ စောဒနာဝင်လွှာတွင်စုံလင်နိုင်

သမျှ စုံလင်စွာပါရှိရမည့်ပြင်၊ ယင်းသည့် အကြောင်းအချက်များကို အစဉ်အတိုင်း အမှတ်စဉ်ရမည်။ စောဒနာဝင်သူကထိုစောဒနာဝင်လွှာကိုလက်မှတ်ရေးထိုးရမည်။ ထို့ပြင် စောဒနာဝင်သည့်စီရင်ချက်မိတ္တူတစောင်ကိုစောဒနာဝင်လွှာနှင့်ပူးတွဲတင်သွင်းရမည်။

၁၀။ ။အခြားတည်ဆဲ တရားဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ ဝိနည်းမမှုကံအဓိကရုဏ်းမှုနှင့်စပ်လျဉ်း၍၊ မူလမှုတခုခုသည်၊ ဤအက်ဥပဒေ အာဏာတည်သည့်နေ့၌ ဤအက်ဥပဒေအာဏာတည်သည့်အရပ်ဒေသရှိ တရားမရုံးတခုခုတွင် မပြီးပြတ်ရှိနေသေးလျှင်၊ ထိုတရားမရုံးက အဆိုပါမူလမှုကို ဆိုင်ရာ ယာယီဝိနိစ္ဆယဌာနသို့ လွှဲပြောင်းပေးအပ်ရမည်။

၁၁။ ။ပုဒ်မ ၃ အရ၊ ဤအက်ဥပဒေကို ရုပ်သိမ်းသည့်အခါ၊ အဆိုပါဥပဒေပုဒ်မ ၇ (၃) (စ) အရ ထားရှိသည့်အမှုမှတ်တမ်းများကို၎င်း၊ အဆိုပါ ဥပဒေပုဒ်မ ၁၁ (၁) အရ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် စာမှတ်စာတမ်းများကို၎င်း၊ အဆိုပါ ဥပဒေအရ တည်ထောင်သည့်ဆိုင်ရာမြို့နယ်ဝိနိစ္ဆယဌာနသို့ လွှဲပြောင်းပေးအပ်ရမည်။

G.U.B.C.P.O.—No. 39, Min. of J.A., 30-11-51—2,000—II.